# ဘယ်လ်ဂျီယံ/နယ်သာလန်/လူဇင်ဘတ်နှင့် ခရီအေးရှားနိုင်ငံများတွင် နေထိုင်သော တရားဝင် မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများမှ နိုင်ငံကူးလက်မှတ်များအား သက်တမ်းတိုး/အသစ် လျှောက်ထားလိုပါက သိရှိရမည့် အချက်များ

မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့မှ ပူးတွဲတာဝန်ယူထားသော ဘယ်လ်ဂျီယံ/နယ်သာလန်/ လူဇင်ဘတ်နှင့် ခရီအေးရှားနိုင်ငံများတွင် နေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံကူး လက်မှတ်ကိုင်ဆောင်ထားသူများမှ (က) သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် လျှောက်ထားပါက လိုအပ်သည့် စာရွက်စာတမ်းများနှင့် (ခ) သက်တမ်းပြတ် မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် လျှောက်ထားပါက လိုအပ်သည့် စာရွက် စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် လျှောက်ထားပါက လိုအပ်သည့် စာရွက်စာတမ်းများ–

(၁) ကိုယ်ရေးလျှောက်လွှာ (သံအမတ်ကြီးထံလိပ်မူ၍ နိုင်ငံကူးလက်မှတ် သက်တမ်းတိုး လျှောက်ထားလိုကြောင်းနှင့် အခြားနိုင်ငံသားအဖြစ် ခံယူထားခြင်းမရှိကြောင်း ဝန်ခံကတိပြုလျက် လျှောက်ထားသူမှ လက်မှတ်ရေးထိုးထားသည့် လျှောက်လွှာ)

(၂) ကိုယ်ရေးရာဇဝင် (CV Forms) (လျှောက်လွှာတွင် အချက်အလက်များ အားလုံး ပြည့်စုံစွာဖြည့်စွက်၍ လျှောက်ထားသူလက်မှတ် ထိုးရန် လျှောက်ထားရန်လိုအပ်ပါသည်။)

(၃) ၆ လအတွင်း ရိုက်ကူးထားသော ပါတ်စပို့ဆိုဒ် ရောင်စုံ ဓာတ်ပုံ (၃) ပုံ

(၄) သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် (မိတ္တူ) ၁ စုံ (မြန်မာနိုင်ငံကူးလက်မှတ်၏ ဓာတ်ပုံနှင့် အချက်အလက်များပါရှိသော ရှေ့စာမျက်နှာအပါအဝင် အသုံးပြုပြီးသော စာမျက်နှာအားလုံး)

(၅) သက်ဆိုင်ရာနိုင်ငံသို့ တရားဝင် ဝင်ရောက်လာသူဖြစ်ကြောင်း ရယူခဲ့သည့် ဗီဇာ (မိတ္တူ)/

(၆) လက်ရှိနိုင်ငံတွင် တရားဝင် နေထိုင်ခွင့်ရရှိထားသော နေထိုင်ခွင့်ကဒ်ပြား (မိတ္တူ)

(၇) လျှောက်ထားသူသည် သက်ဆိုင်ရာနိုင်ငံမှ နိုင်ငံသားနှင့် လက်ထပ်ထားသူဖြစ်ပါက လက်ထပ်စာချုပ် (မိတ္တူ)

(၈) နိုင်ငံကူးလက်မှတ် သက်တမ်းတိုးခ

(ခ) သက်တမ်းပြတ် မြန်မာနိုင်ငံကူးလက်မှတ်အား သက်တမ်းတိုးလိုပါက လိုအပ်သည့် စာရွက်စာတမ်းများ–

(၁) ကိုယ်ရေးလျှောက်လွှာ (သံအမတ်ကြီးထံလိပ်မူ၍ နိုင်ငံကူးလက်မှတ် သက်တမ်းတိုး လျှောက်ထားလိုကြောင်းနှင့် အခြားနိုင်ငံသားအဖြစ် ခံယူထားခြင်းမရှိကြောင်း ဝန်ခံကတိပြုလျက် လျှောက်ထားသူမှ လက်မှတ်ရေးထိုးထားသည့် လျှောက်လွှာ)

(၂) ကိုယ်ရေးရာဇဝင် (CV Forms) (လျှောက်လွှာတွင် အချက်အလက်များ အားလုံး ပြည့်စုံစွာဖြည့်စွက်၍ လျှောက်ထားသူလက်မှတ် ထိုးရန် လျှောက်ထားရန်လိုအပ်ပါသည်။)

(၃) ၆ လအတွင်း ရိုက်ကူးထားသော ပါတ်စပို့ဆိုဒ် ရောင်စုံ ဓာတ်ပုံ (၃) ပုံ

(၄) သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် (မိတ္တူ) ၁ စုံ (မြန်မာနိုင်ငံကူးလက်မှတ်၏ ဓာတ်ပုံနှင့် အချက်အလက်များပါရှိသော ရှေ့စာမျက်နှာအပါအဝင် အသုံးပြုပြီးသော စာမျက်နှာအားလုံး)

(၅) သက်ဆိုင်ရာနိုင်ငံသို့ တရားဝင် ဝင်ရောက်လာသူဖြစ်ကြောင်း ရယူခဲ့သည့် ဗီဇာ (မိတ္တူ)/

(၆) လက်ရှိနိုင်ငံတွင် တရားဝင် နေထိုင်ခွင့်ရရှိထားသော နေထိုင်ခွင့်ကဒ်ပြား (မိတ္တူ)

(၇) လျှောက်ထားသူသည် သက်ဆိုင်ရာနိုင်ငံမှ နိုင်ငံသားနှင့် လက်ထပ်ထားသူဖြစ်ပါက လက်ထပ်စာချုပ် (မိတ္တူ)

(၈) နိုင်ငံကူးလက်မှတ် သက်တမ်းတိုးခ

(၉) နိုင်ငံကူးလက်မှတ် သက်တမ်းပြတ်ဒဏ်ကြေး

မှတ်ချက်။ မြန်မာနိုင်ငံကူးသက်တမ်းပြတ်သူများမှ သက်တမ်းတိုးပြန်လည် လျှောက်ထားခြင်းများအား မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြခွင့်ပြုချက်ရယူပြီး ခွင့်ပြုချက်ရရှိမှသာ သက်တမ်းတိုးခြင်းအား ဆက်လက်ဆောင်ရွက်ရပါသည်။ သို့ပါ၍ စာအုပ်သက်တမ်းမကုန်မီ (၆) လခန့် ကြိုတင်၍ မြန်မာသံရုံးသို့ လာရောက်သက်တမ်းတိုးရန် အကြံပြုလိုပါသည်။